# ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ (၁၁) ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီအစည်းအဝေးသို့ Video Conferencing စနစ်ဖြင့် တက်ရောက်

ဘရူနိုင်းနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိ ကျင်းပသည့် (၁၁)ကြိမ်မြောက်အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်နှင့် အဖွဲ့ဝင်များ Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစာရင်းအင်းရုံးမှ အကြီးအမှူးများ၊ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ အာဆီယံစာရင်းအင်းဌာနခွဲ (ASEANstats) နှင့် အာဆီယံပေါင်းစည်းမှု စောင့်ကြည့်လေ့လာရေးညွှန်ကြားမှုဦးစီးဌာန (AIMD) များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် (၁၀)ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများ၊ အာဆီယံဒေသတွင်း စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး အစီအစဉ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲကိစ္စရပ်များကြောင့် ဖြစ်ပေါ်လာသည့် စာရင်းအင်းဆိုင်ရာ ပြဿနာနှင့် အတွေ့အကြုံများအား နိုင်ငံအလိုက်တင်ပြခြင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြကြပြီး ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီအစည်းအဝေးနှင့် အာဆီယံ စီမံကိန်းနှင့် ညှိနှိုင်းရေးဆပ်ကော်မတီ အစည်းအဝေးများအား ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပရန် စီစဉ်ထားပါကြောင်း ဆွေးနွေးခဲ့ကြပါသည်။